အလုပ်လုပ်သည့်နားရက်တိုင်းအတွက် အနည်းဆုံး တစ်ရက်စာလစာ ပေးရမည်ဖြစ်သည်။အစားထိုးလျော်ကြေးပမာဏကိုတွက်ရန်

သင့်လစာငွေကို **26** ဖြင့်စားပါ။

ဥပမာ

$$\frac{\text{450 ဒေါ်လာ (သင့်လစာငွေ)}}{\text{အလုပ်လုပ်နေ့ 26}} = \text{17.31 ဒေါ်လာ}$$

သင့်အလုပ်ရှင်ကသင့်ကို အလုပ်လုပ်သည့်နားရက်တိုင်းအတွက် အနည်းဆုံး လစာ 17.31 ဒေါ်လာ ပေးရမည်ဖြစ်သည်။

သို့မဟုတ်

သို့မဟုတ်ပါက

သင့်အလုပ်ရှင်က တစ်လအတွင်း အစာထိုး အနားယူရက် ပေးနိုင်ပါသည်။

- သဘောတူညီထားသော နားရက် အစီအစဉ်များကို စာဖြင့်ရေးသားလျက် သင်နှင့် သင့်အလုပ်ရှင်က မှတ်တမ်းတင်ထားသင့်သည်။ ဆိုလိုသည်မှာ သင်သည် အပတ်စဉ် နားရက်ယူမည်လား၊ ထိုအစား လျော်ကြေးကို ပိုနှစ်သက်သလား၊ စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို သင်နှင့် သင့်အလုပ်ရှင်က လက်မှတ်ရေးထိုးထားသင့်သည်။

သင့်အနားယူရက်နှင့်ပတ်သက်ပြီး သိထားရမည် အရေးကြီးအချက်များ

- သင်သည် သင်၏ တရားဝင် အလုပ်ရှင်အတွက်သာ အိမ်မှုကိစ္စ လုပ်ပေးရမည်။ သင်သည်သင်၏နားရက်ဖြစ်နေပါစေ သင်၏အလုပ်ရှင်မှလွဲ၍ အခြားတစ်ဦးအတွက်အလုပ် လုပ်ပေးလျှင် တရားမဝင်အလုပ်လုပ်ခြင်း အပြစ်ကို ကျူးလွန်နေသည်။ သင်၏ နားရက်တွင် လုပ်ကိုင်ပေးလျှင်လည်း ပြစ်မှု ကျူးလွန်သည်။

- သင့် အလုပ်ရှင်၏ ခွင့်ပြုချက်မပါဘဲ ၎င်း၏ အိမ်သို့ သင့် မိတ်ဆွေသူငယ်ချင်းကို သင် မဖိတ်ခေါ်ရ။

- အများပိုင်နေရာများတွင်လူမှုရေးစည်းမျဉ်းများကိုလိုက်နာရမည်။ ဥပမာ တံတွေးမထွေးရ၊ အမှိုက်မပြစ်ရ၊ အများဆိုင်နေရာများ သို့မဟုတ် အများပြည်သူပို့ဆောင်ရေးယဉ်များပေါ်တွင်ကျယ်လောင်စွာ စကားမပြောရ။ လူအများသွားလာနေသည့်နေရာများတွင် စုရုံးနေခြင်းမပြုရ။

- သင့်ကိုအပြုသဘောဆောင်ပြီး အမြဲပျိုယိမ်းရှိသည့် ပညာရေးသင်တန်းများ နှင့် ကျွမ်းကျင်မှုသင်တန်းများတွင် ပါဝင်ဆောင်ရွက်ရန် အလေးအနက် တိုက်တွန်း ပါသည်။ ကျွမ်းကျင်မှုသင်တန်းများနှင့် ဝါသနာလှုပ်ရှားမှုများကိုစီစဉ်ပေးသည့် အစိုးရနှင့်မသက်ဆိုင်သော အဖွဲ့အစည်း များကို စာမျက်နှာ ၈၁ တွင် ကြည့်ပါ။

2 သင့်လစာကိုလစဉ်မှန်မှန်ပေးရမည်

- သင့်အလုပ်ရှင်က သင့်နောက်ဆုံးလစာကာလမှ ၇ ရက် အတွင်း လစာပေးရမည်။

ဥပမာ
အကယ်၍သင့်လစာကာလမှာ လစဉ် ၁ ရက်နေ့ မှ ၃၁ ရက်နေ့ အထိဖြစ်လျှင်၊ မေလ အတွက်ဆိုပါက သင့်အလုပ်ရှင်က သင့်လစာကို ဇွန်လ ၇ ရက် နောက်ဆုံးထား၍ပေးရမည်ဖြစ်သည်။

- **၂၀၁၉ ဇန်နဝါရီလ ၁ မှစပြီး၊ အလုပ်ရှင်အားလုံးအနေဖြင့် လစာသိမ်းဆည်းခွင့်မရှိပါ။ သင့်အလုပ်ရှင် ကသိမ်းဆည်းပေးခြင်းကိုခွင့်မပြု၍၊ ဘဏ်အကောင့်တစ်ခုဖွင့်ပါ။ ဘဏ်အကောင့်တစ်ခုဖွင့်ရန် သင့်အလုပ်ရှင်ထံမှအကူအညီတောင်းနိုင်ပါသည်။**
- **သင့်အလုပ်ရှင်က သင့်လစာကိုသိမ်းဆည်းပေးမည်ဆိုပါက သဘောမတူပါနှင့်။ သင့်အခန်းတွင်လည်းသိမ်းမထားသင့်ပါ၊ လစာအားလုံးအားဘဏ်ထဲအပ်နှံပါ။**
- သင့်အလုပ်ရှင်က သင့်ကို ဘယ်အချိန်ဘယ်မျှပေးသည်ကို မှတ်တမ်းထားရမည်။ သင်လည်းကိုယ်ပိုင်မှတ်တမ်းထားရှိသင့်သည်။ မှတ်တမ်းပုံစံနမူနာကို စာမျက်နှာ ၈၆ တွင်ကြည့်ပါ။
- သင်လစာငွေကိုငွေသားလက်ငင်းရရှိပြီး သို့မဟုတ်သင်၏ဘဏ်စာရင်းထဲရောက်ရှိပြီးကြောင်း စစ်ဆေးပြီးမှသာလျှင် သင့်အလုပ်ရှင်၏ပေးငွေစာရင်းမှတ်တမ်းတွင်လက်မှတ် ထိုးပေးပါ။
- သင့်အနေဖြင့်လစာငွေကို သင့်အလုပ်ရှင်ထံသိမ်းထားရန်မလိုအပ်ပေ။ သင့်လစာနှင့် ငွေကြေးကိစ္စများကို သင်ကိုယ်တိုင် စီမံခန့်ခွဲခြင်းအားဖြင့် နားလည်မှုလွဲမှားမှုများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။
- အကယ်၍ သင့်အလုပ်ရှင်က ၎င်းသည် ငွေကြေးဆိုင်ရာ အခက်အခဲများ (ဥပမာ၊ ၎င်းတွင် သင့်အား ပေးရန် ငွေမရှိ၊ ငွေပေးချေမှုများကို နှောင့်နှေးကြန့်ကြာနေစေခြင်း၊ စသည်)ကို ရင်ဆိုင်နေရသည်ဟု သင့်အား ပွင့်ပွင့်လင်းလင်း ပြောပါက သင်သည် သင့်အလုပ်ရှင်နှင့် ရှင်းရှင်းလင်းလင်း နားလည်အောင် ဆောင်ရွက်သင့်သည်။

3 သင့်ကိုလက်ခံနိုင်လောက်သောနေရာပေးခြင်း

- သင်အလုပ်ရှင်ကသင့်ကိုသဘာဝပတ်ဝန်းကျင် ဥပမာ မိုးရေ၊ နေ၊ စသည်တို့နှင့်မတွေ့ထိရအောင် သေချာစီစဉ်ပေးရမည်။ အိပ်ယာ၊ ခေါင်းအုံးနှင့် စောင်၊ လေဝင်လေထွက်လုံလောက်စွာရရှိရန်နှင့် အန္တရာယ်ကင်းရေး၊သီးသန့်ရှိမှုနှင့် သိက္ခာရှိမှုတို့ကို မထိခိုက်စေရပါ။
- ဖြစ်နိုင်ပါက သင့်အလုပ်ရှင်က သင်အတွက်ကိုယ်ပိုင်အခန်းတစ်ခုပေးရမည်။ မဖြစ်နိုင်ပါက လုံလောက်သောနေရာနှင့် သီးသန့်အိပ်ရန်နေရာပေးရမည်။
- သင်အနေဖြင့်အိမ်ရှိလူကြီးအမျိုးသားတစ်ဦးနှင့် တစ်ခန်းထဲမအိပ်သင့်ပါ။

4 သင့်အားအစားအစာလုံလောက်စွာပေးရမည်။

- ဤသည်မှာ တစ်နေ့တွင် နံနက်၊ နေလည်နှင့် ညစာ ၃ နပ် အပြည့်ဖြစ်သည်။
- စင်ကာပူနိုင်ငံသားများ၏စားသောက်သည့်အလေ့အထမှာ သင်ကျင့်သားရနေသည့်အလေ့အထနှင့် ကွာခြားနိုင်ပေသည်။ သင့်အနေဖြင့်လိုက်လျောမှုအချို့ပြုလုပ်ရန် လိုကောင်းလိုပေမည်။ ဥပမာ သင့်အလုပ်ရှင်မိသားစုအမြဲတမ်းထမင်းမစားကြပါ။ ဆန်ပြုတ်၊ ခေါက်ဆွဲ၊ ပေါင်မုန့် တို့ကိုလည်း အစာအဖြစ် စားကြပါသည်။
- သင့်အလုပ်ရှင်က စားစရာပေးပြီးနောက် သင်ဆာလောင်နေသေးလျှင် သင့်အလုပ်ရှင်အား ယဉ်ကျေးစွာအစာထပ်တောင်းပါ။

5 သင့်အလုပ်ရှင်သည်သင်အားလုံလုံလောက်လောက်နားခွင့်ပြုရမည်။

သင်ညတွင်လုံလုံလောက်လောက်အိပ်၍ နေ့ခင်းပိုင်းတွင်လုံလောက်စွာအနားယူခွင့်ရှိသည်။

- သို့သော် သင်သည်မွေးကင်းစကလေးငယ် သို့မဟုတ်နေမကောင်းသူတစ်ယောက်အား ပြုစုစောင့်ရှောက်ရန်လိုသောအခါထိုကလေး သို့မဟုတ်လူနာအားစောင့်ရှောက်ရန်အတွက် ညအချိန်ထရန်လိုကောင်းလိုမည်။ ဤသို့ဖြစ်ပါက သင်သည် သင်၏ အလုပ်ရှင်နှင့် တိုင်ပင်၍ နေ့ခင်းဖက် နားချိန်/အိပ်ချိန်တို့ကို စီစဉ်ရမည်။

6 သင်၏ဆေးကုစားရိတ်များ

- သင့်အလုပ်ရှင်သည် သင်နေမကောင်းဖြစ်လျှင် သင်၏ဆေးကုစားရိတ်များကို ပေးရမည်။ ၎င်းတွင် ဆရာဝန်နှင့် ပြင်ပလူနာအဖြစ် ပြသမှုများနှင့် ဆေးရုံမှ ကျသင့်ငွေများပါဝင်သည်။

- သင်မဖြစ်မနေပြုလုပ်ရသော ဖ လ တစ်ကြိမ် ဆေးစစ်မှုအတွက်ကုန်ကျစားရိတ်များကို သင့်အလုပ်ရှင်ကပေးရမည်။



7 သင့်အလုပ်လုပ်ခွင့်ပါမစ်နှင့် နိုင်ငံကူးလက်မှတ်ကိုသိမ်းထားခွင့်မရှိပါ။

- သင့်အလုပ်ရှင်က သင့်နိုင်ငံကူးလက်မှတ်ပါစ့်ပို့ကို မထိန်းသိမ်းသင့်ပါ သို့မဟုတ် သင့်အလုပ်အကိုင်အတွက် သတ်မှတ်ချက် တစ်ခုအဖြစ် သဘောမထားသင့်ပါ။

- သင့်နိုင်ငံကူးလက်မှတ်ပါစ့်ပို့ကိုထိန်းသိမ်းပေးရန် သင့်အလုပ်ရှင်ထံသို့ သင်မတောင်းဆိုသင့်ပါ။ နိုင်ငံကူးလက်မှတ်ပါစ့်ပို့ သည် သင့်ကိုယ်ရေးကိုယ်တာစာရွက်စာတမ်းဖြစ်ပြီး သင်ကသာ ထိန်းသိမ်းထားသင့်ပါသည်။

8 သင့်ကိုခြိမ်းချောက်ခြင်း၊ မတရားလုပ်ခြင်း သို့မဟုတ် စော်ကားခြင်း မပြုလုပ်ရပါ။

- သင့်အလုပ်ရှင်က မတရားလုပ်ခြင်း၊ ရိုက်ခြင်း၊ အခွင့်အရေးယူခြင်း သို့မဟုတ် မဆီမလျော်ကိုင်တွယ်ခြင်းတို့မပြုလုပ်ရပါ။

အကယ်၍ သင့်အလုပ်ရှင်က အထက်ပါ အလုပ်လုပ်ခွင့်ပါမစ် စည်းကမ်းချက်တစ်ခုခုကို မလိုက်နာလျှင် သင်ဖုန်းခေါ်ပါ။

- သင်၏အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ
- အလုပ်သမားဝန်ကြီးဌာန (၁၈၀၀ ၃၃၉ ၅၅၀၅)

သင့်အလုပ်ရှင်က သင့်ကို စော်ကားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းများပြုလုပ်ပါက သင်ဖုန်းခေါ်ပါ။

- ရဲ (999)

သင်အလုပ်ရှင်အိမ်မှသင်ဖုန်းခေါ်၍မရပါကအကူအညီတောင်းရန်အခြားနည်လမ်းများရှိပါသည်။

အထပ်မြင့်တိုက်ခန်းများတွင်အလုပ်လုပ်ခြင်း

စက်ဘူလူမျိုးမိသားစုများစွာမှာ အိမ်ရာထူထောင်ရေးဘုတ်အဖွဲ့ တိုက်ခန်းများ၊ အိမ်ခန်းများ၊ ကွန်ဒိုအိမ်ခန်းများကဲ့သို့သော အထပ်မြင့်အိမ်များတွင်နေထိုင်ကြသည်။

အကယ်၍ သင့်အလုပ်ရှင်သည် အထပ်မြင့်အိမ်များတွင်နေထိုင်လျှင် အလုပ်လုပ်နေစဉ် အမြင့်မှ ပြုတ်ကျနိုင်ခြင်းသည် အမှန်တကယ် အန္တရာယ်ရှိပါသည်။ အထူးသဖြင့် ပြတင်းပေါက်များ ကို သန့်ရှင်းရေးပြုလုပ်စဉ် သို့မဟုတ် လျှော်ဖွတ်ပြီးအဝတ်များကို လှန်းသောအခါများတွင်ဖြစ်သည်။

သင်အောက်ပါဘေးအန္တရာယ်ကင်းရေးလမ်းညွှန်ချက်များကို လိုက်နာရန်အရေးကြီးပါသည်။

လျှော်ဖွတ်ပြီးအဝတ်များကိုလှန်းသောအခါ

လုပ်ဆောင်ရန်

- ပိုမိုလေးလံသောအဝတ်အစားများကို အထောက်အခံနားတွင်လှန်းပြီးပေါ့သော အဝတ်အစားများကိုတန်းအဖျားပိုင်းတွင် လှန်းပါ။
- သင်ခြေထောက်များကိုကြမ်းပြင်ပေါ်တွင်မြဲမြံစွာရပ်ပါ။ သင့်ခန္ဓာကိုယ်သည် ပြတင်းပေါက်အတွင်းတွင်ရှိသင့်သည်။
- လေထန်၍ သို့မဟုတ်မိုးရွာနေသော အခါလျှော်ဖွတ်ပြီးအဝတ်များကို ပြန်ရုတ်လျှင် အထူးသတိထားပါ။

ရှောင်ကြဉ်ရန်

- အဝတ်တန်းကိုကွင်းထဲသို့သွင်းသောအခါ ပြတင်းပေါက် အပြင်ဘက်သို့အလွန် အကျွန်မကုန်းပါနှင့်။
- လျှော်ဖွတ်ပြီးအဝတ်များကိုလှန်းသောအခါ သို့မဟုတ် ပြန်ရုတ်လျှင်ခြေဖျားထောက်ခြင်း၊ ထိုင်ခုံများ၊ခွေးခြေများ သို့မဟုတ် မြင့်တက်နေသော မျက်နှာပြင်ပေါ်တက် ရပ်ခြင်းတို့ကို မပြုလုပ်ရပါ။
- အဝတ်တန်းခံနိုင်သည့်အတိုင်းအတာထက် ပို၍ အဝတ်အများကြီးမလှန်းပါနှင့်။

အခြားအကြံပြုချက်များ

- ပြုတင်းအစွယ်သို့မဟုတ်ဘောင်ပေါ်သို့ကျသွားသည့်ပစ္စည်းများကိုပြန်လည်ကောက်ယူရန် မကြိုးစားပါနှင့်။
- လျှော်ဖွတ်ပြီးအဝတ်များကိုလှန်းသောအခါကြမ်းပြင်သည်ခြေက်သွေ့နေသည်မှာသေချာပါစေ။
- သင်လှန်းနိုင်သည်ထက်ပိုမလျှော်ပါနှင့်။ လိုအပ်ပါက အဝတ်များကိုနှစ်သုတ်လျှော်ပါ။
- အဝတ်တန်းအရမ်းလေးနေလျှင် သို့မဟုတ် အဝတ်တန်းပြတင်းပေါက်မှထုတ်ရန် အခက်အခဲရှိလျှင်ဆက်မလုပ်ပါနှင့်။ သင်အိမ်ထဲတွင်အဝတ်လှန်းနိုင်သည် သို့မဟုတ် သင့်အလုပ်ရှင်ကိုအကူအညီတောင်းနိုင်သည်။
- လေထန်၍ သို့မဟုတ်မိုးသည်းထန်စွာရွာနေသော အခါအဝတ်တန်းကို ပြန်ရုတ်လျှင် အထူးသတိထားပါ။ အဝတ်များစိုနေပါက အဝတ်တန်းသည်ပိုမိုလေးလံနေပါမည်။ အဝတ်တန်းကိုမရုတ်နိုင်ပါကသင့်အလုပ်ရှင်ကိုအကူအညီတောင်းပါ။

ပြတင်းပေါက်များအားသန့်ရှင်းရေးလုပ်ရာတွင်

လုပ်ဆောင်ရန်

- အပေါ်ထပ်ရှိ အိမ်အပြင်ဘက်ပြတင်းပေါက်များအားသန့်ရှင်းရေးလုပ်ရာတွင်
  - သံပန်းတခါးများရှိရမည်ဖြစ်ပြီး သန့်ရှင်းရေးလုပ်စဉ်တချိန်လုံးသော့ခတ်ထားရမည်ဖြစ်ပြီး
  - သင့်အလုပ်ရှင်သို့မဟုတ် လူကြီးတစ်ယောက် က သင့်ကိုကြီးကြပ်ရန်ရှိနေရပါမည်။
- အိမ်အတွင်းဘက်ပြတင်းပေါက်များအားသန့်ရှင်းရေးလုပ်ရာတွင်မှန်တံခါးများကို သန့်ရှင်းရေးလုပ်စဉ် တချိန်လုံးသော့ခတ်ထား ရမည်ဖြစ်သည်။

ရှောင်ကြဉ်ရန်

- သံပန်းတခါးများမရှိပါကသင့်အလုပ်ရှင်အိမ်၏အပြင်ဘက်အပေါ်ထပ် ပြတင်းပေါက်များအား သန့်ရှင်းရေးမလုပ်ပါနှင့်။
- ထိုင်ခုံများ၊ ခွေးခြေများ၊ မြင့်တက်နေသော မျက်နှာပြင်ပေါ် သို့မဟုတ် ပြုတင်းအစွယ်ပေါ် တက်ရပ်ခြင်းတို့ကို မပြုလုပ်ရပါ။
- အိမ်၏အပြင်ဘက်အပေါ်ထပ်ပြတင်းပေါက်များအားသန့်ရှင်းရေးလုပ်ရန်ဘောင်ပေါ်တက် ခြင်း အပြင်ဘက်သို့ကုန်းခြင်းမလုပ်ပါနှင့်။ ဆွဲထုတ်နိုင်သောလက်ကိုင်များပါသည့် သန့်ရှင်းရေး ကိရိယာများသုံးပါ။ဆွဲဆန့်ထားသောလက်ကိုင်ရှည်များက မမီနိုင်သောနေရာများကို သန့်ရှင်းရန်လုပ်စေနိုင်မည်။

သတိရပါ

အဆင်ပြေသက်သာစေခြင်းဖြင့်သင့်ဘဝဘေးအန္တရာယ်မဖြစ်ပါစေနှင့်။ ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်ချက်များပိုမိုသိရှိရန် ဘေးအန္တရာယ်ကင်းရှင်းရေးစာစောင်ကို ရည်ညွှန်းပါ။

ရွှေ့ပြောင်းအိမ်အကူအလုပ်သမားနှင့် အလုပ်ရှင်ကြားဘေးအန္တရာယ်ကင်းရေး သဘောတူညီချက်



- ရှာဖွေပေးရေးအေဂျင်စီမှ ဘေးအန္တရာယ်ကင်းရေးသဘောတူညီချက်နှင့်ပတ်သက်ပြီး သင့်ကိုရှင်းပြရန်လိုအပ်သည်။ ထိုသဘောတူညီချက်သည်သင်နားလည်သည့်ဘာသာစကားနှင့် ဖြစ်သင့်ပြီး ၎ ရွှေ့ ၎ ပြောင်းအိမ်အကူအလုပ်သမား ကပြတင်းပေါက်အပြင်ဖက်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး အလုပ်သမားဝန်ကြီးဌာန၏ လိုအပ်ချက်များကို ရှင်းပြထားပါသည်။ သင်သည်ပြတင်းပေါက်အပြင်ဖက်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့်ပတ်သက်ပြီးအလုပ်သမား ဝန်ကြီးဌာန၏ လိုအပ်ချက်များနှင့်သင့်အလုပ်ရှင်၏လိုအပ်ချက်များကိုနားလည်ရန် အရေးကြီးပါသည်။
- ဘေးအန္တရာယ်ကင်းရေးသဘောတူညီချက်မှတဆင့်

  ✓ သင်၏အလုပ်အကိုင်ရှာဖွေပေးရေးအေဂျင်စီကသင့်ကိုပြတင်းပေါက်အပြင်ဖက် သန့်ရှင်းရေးပြုလုပ်ခြင်း ခွင့်ပြုမပြုရှင်းပြပါမည်။

  ✓ သင့်ကိုခွင့်ပြုမည်ဆိုပါကသင်အန္တရာယ်ကင်းစွာလုပ်ကိုင်နိုင်ရန်အတွက်သင်၏အလုပ်အကိုင် ရှာဖွေပေးရေးအေဂျင်စီက ပြတင်းပေါက်အပြင်ဖက်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး သင့်အလုပ်ရှင်၏လိုအပ်ချက်များကိုရှင်း ပြမည်ဖြစ်သည်။

  ✓ သင်ပါဝင်ချက်များကိုအပြည့်အဝနားလည်ပြီးနောက်သဘောတူညီချက်ကို သင်လက်မှတ်ထိုးရမည်။

- သင်လက်မှတ်ထိုးထားသည့်သဘောတူညီချက်ကိုမိတ္တူကိုသိမ်းထားပါ။ ဘေးအန္တရာယ်ကင်းရေးသဘောတူညီချက်နမူနာပုံစံကို စာမျက်နှာ ၈၂ တွင်ကြည့်ပါ။

အိမ်ပတ်ဝန်းကျင်၌ဘေးအန္တရယ်ကင်းရှင်းရေးအထွေထွေသတိပြုစရာများ

လျှပ်စစ်ဘေးအန္တရယ်ကင်းရှင်းရေး

- လျှပ်စစ်ပစ္စည်းများအားမှန်ကန်စွာနှင့်ဘေးအန္တရယ်ကင်းရှင်းစွာမည်သို့.အသုံးပြုရမည်ကို သင့်အလုပ်ရှင်အားပြသခိုင်းပါ။
- လျှပ်စစ်ပစ္စည်းများပလပ်များနှင့်ဝါယာကြိုးများအခြေအနေကောင်းမွန်စွာရှိနေသည်ကို အသုံးမပြုမီစစ်ဆေးပါ။
- အသုံးပြုပြီးနောက်လျှပ်စစ်ပစ္စည်းများအားလုံးကိုခလုတ်ပိတ်ခါနံရံဆော့ကပ်မှ ပလပ်ခေါင်းကိုဖြုတ်ပါ။
- လျှပ်စစ်ပစ္စည်းများ၊ ခလုတ်များ၊ ပလပ်ခေါင်းများနှင့် လျှပ်စစ်ဓါတ်ရှိသည့်နေရာများကို လက်အစိုဖြင့်မကိုင်ပါနှင့်။
- လျှပ်စစ်ပစ္စည်းများကိုပြင်ဆင်ရန်မကြိုစားပါနှင့်။
- လျှပ်စစ် ဆော့ကပ်တစ်ခုတွင်လျှပ်စစ်ပစ္စည်းများစွာ ပလပ်ထိုးတပ်ဆင်လျှက် လျှပ်စစ်အထွက်ပေါက်ကို ဝန်ပိုမထမ်းပါစေနှင့်။

သင့်အလုပ်ရှင်အိမ်တွင်မိုက်ကရိုဝေ့မီးဖို သို့.မဟုတ် ပေါင်မုန့်.မီးကင်စက်ကဲသို့.သောလျှပ်စစ်ပစ္စည်းများ ရှိပါက သင့်အလုပ်ရှင်အား မည်သို့.အသုံးပြုရသည်ကို သင်ပြပေးရန်တောင်းဆိုပါ။ ထိုလျှပ်စစ်ပစ္စည်းမှန်ကန်စွာအသုံးပြုပုံကို သင်မသိပါက အန္တရယ်ရှိနိုင်ပါသည်။

မီးဘေးအန္တရာယ်ကင်းရှင်းရေး

- အမှိုက်နှင့်မီးလောင်လွယ်သောပစ္စည်းများကို မီးဖွင့်ထားသောမီးဖို၊ဖယောင်းတိုင်နှင့် ဟင်းလင်းဖွင့်မီးတောက်များမှဝေးရာတွင်ထားပါ။
- မီးခြစ်ဆံများနှင့်စီးကရက်အစီခံများကိုလုံးဝငြိမ်းသတ်ပါ။
- ဓာတ်ဆီ၊ သုတ်ဆေးနှင့်အခြားမီးလောင်လွယ်သောပစ္စည်းများကို လုံခြုံသောဗူးများတွင်ထုပ်ပြီး ဟင်းလင်းဖွင့်မီးတောက်များနှင့်အခြားအပူထွက်သည့်နေရာပစ္စည်းများမှဝေးရာတွင်ထားပါ။
- မီးဖိုများနှင့် အပူပေးထားသောပစ္စည်းများအား စောင်ကြည့်သူ မရှိပဲ ဖွင့်မထားခဲ့ပါနှင့်။
- ပလပ်စတစ်အိတ်များ၊ အဝတ်စ၊ တဘက်၊ စက္ကူ သို့မဟုတ် အခြားမီးလောင်လွယ်သော ပစ္စည်းများကို မီးဖိုများ သို့မဟုတ် ဟင်းလင်းဖွင့်မီးတောက်များ အနီးတွင်မထားပါနှင့်။



သတိရပါ

မီးလောင်လျှင်

1. ၉၉၅ ကိုဖုန်းဆက်ပါ။
2. လူတိုင်းကိုအိမ်ပြင်ထွက်ခိုင်းပါ။
3. မီးကူးစက်လောင်ကျွမ်းခြင်းမှ ကာကွယ်ရန် တခါးကိုပိတ်ပါ။
4. သင်ကိုယ်တိုင်နှင့်အခြားသူများ လောင်ကျွမ်းမည့်အန္တရာယ်မရှိမှသာမီးငြိမ်းသတ်ပါ။
5. မီးငြိမ်းသတ်ရန် မီးသတ်ဆေးဗူးကိုအသုံးပြုပါ။
6. မီးကိုငြိမ်းသတ်ပြီးနောက်ထိုနေရာတွင် လေဝင်လေထွက်ကောင်းမွန်စေရန် တခါးများနှင့် ပြတင်းပေါက်များအားလုံးကိုဖွင့်ပါ။
7. သင့်အလုပ်ရှင်အိမ်တွင်မရှိပါကဖုန်းဆက်ပြီးဖြစ်ပျက်သည်ကို ပြောပြပါ။

ဘုံနေရာများသုံးချင်း

ဘုံနေရာများနှင့်အိမ်ကော်ရစ်ဒါများတွင်အသုံးမပြုတော့သောအရာများထားရှိခြင်းကနှစ်စဉ်မီးလောင်မှုဖြစ်စေပါသည်။ ဘုံနေရာများနှင့်အိမ်ကော်ရစ်ဒါများနှင့်မီးသတ်ကရိယာများ (မီးသတ်ဆေးဗူးခြောက်များနှင့်မီးသတ်ပိုက်များ) ကို ပိတ်ဆို့နေခြင်းက မီးသတ်ခြင်း နှင့်မီးအရေးပေါ်ရွှေ့ပြောင်းခြင်းကိုအနှောက်အယှက်ဖြစ်စေပါသည်။ အောက်ပါ လမ်းညွှန်ချက်များကို သင်မှတ်သားထားပါ။

- လွတ်မြောက်ရာလမ်းကိုမကာဆီးထားပါက သေးငယ်သောဘိုနပ်စဉ် တစ်ခုကိုဘုံအိမ်ကော်ရစ်ဒါတွင် ထားခွင့်ပြုသည်။
- အဝတ်လှန်းစင်များထားခွင့်မပြုပါ။ အရေးပေါ်အချိန်တွင် အကယ်၍ ၄င်းကိုအလွယ်တကူ ခေါက်ချိုးနိုင်လျှင် သို့မဟုတ် ဖယ်ရှားနိုင်ပြီး လွတ်မြောက်ရာလမ်းကို မကာဆီး ထားပါက ခွင့်ပြုနိုင်သည်။

ဆေးဝါးများ

- အဆိပ်သင့်ခြင်းမှကာကွယ်တားဆီးရန်ဆေးဝါးများကို ကလေးများလက်လှမ်းမမှီနိုင်သည့်နေရာတွင်ထားပါ။
- တံဆိပ်များတွင်ပါသည့်ညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုပြီးလိုက်နာပါ။ အထူးသဖြင့်သင့်အလုပ်ရှင်အိမ်တွင် ကလေးငယ်များသို့မဟုတ် သက်ကြီးရွယ်အိုများကို ဆေးတိုက်ရန် လိုအပ်လျှင်။



ချွန်ထက်သည့်ပစ္စည်းများ

- ဓား သို့မဟုတ် ချွန်ထက်သည့်အသွားပါသော မည်သည့်ပစ္စည်းကိရိယာများကိုမဆို စားပွဲပေါ်တွင် သို့မဟုတ် ကလေးများ လက်လှန်းမှီနိုင်သည့်နေရာတွင် မည်သည့်အခါမျှ မထားပါနှင့်။
- ဓား၊ ကတ်ကြေး၊ တံစို့ နှင့် ဗူးဖောက်တံများအား အသုံးမပြုသောအခါ လုံခြုံသောနေရာတွင် သိမ်းထားသင့်သည်။

ကလေးများ လက်လှမ်းမမှီနိုင်သည့်နေရာတွင်ထားရမည့်အခြားအရာများ

- မှုတ်ဆေးဖြန်းဆေးဘူးများ။
- မီးခြစ်များ။
- သန့်ရှင်းရေးလုပ်ရာတွင်သုံးသည့်အရည်များ။
- လွှက်ရည်အိုးများ၊ ခွက်များနှင့်အောက်ခံပန်းကန်ပြားများကဲ့သို့သော ကွဲနိုင်သည့်ပစ္စည်းများ။

ချော်လဲခြင်းနှင့် လိမ့်ကျခြင်းမှ ကာကွယ်ခြင်း

- စိုစွတ်နေသောကြမ်းပြင်သည်ချောနေပြီးအန္တရာယ်များသည်။ ၎င်းကိုချက်ခြင်းခြောက်သွေ့အောင်လုပ်ပါ။
- ဝါယာကြိုးအပြေများကိုပြန့်ကြဲမထားပါနှင့်။ ၎င်းတို့သည်ခလုတ်တိုက်ရန်လွယ်ကူသည်။

ရာဇဝတ်မှုကာကွယ်တားဆီးခြင်း



လုပ်ဆောင်ရန်

- သင့်ပတ်ဝန်းကျင်တွင် ထူးဆန်းပြီးပုံမှန်မဟုတ်သော အဖြစ်အပျက်များကို သတိထားစောင့်ကြည့်ပြီး သင့်အလုပ်ရှင်အား သတင်းပို့ပါ။
- အိပ်ယာမဝင်မီနှင့်အိမ်မှမထွက်ခွါမီ တံခါးပေါက်များ၊ ပြူတင်းပေါက်များနှင့် သံပန်းများအားလုံးကိုသေချာစစ်ပါ။
- ဧည့်သည်များနှင့်စကားပြောသောအခါတံခါးချိန်းကြိုးကိုတတ်ထားပြီးသံပန်းဂိတ်ပေါက်များ အားလုံးကိုသေချာစစ်ပါ။
- ပြုပြင်ထိန်းသိမ်းရေး၊ပြင်ဆင်ရေးလုပ်သား သို့မဟုတ်အစိုးရအရာရှိဟုပြောသည့်မည်သည် ဧည့်သည်ထံမှမဆိုသက်သေခံကတ်ပြားတောင်းပါ။သင်ဘာလုပ်ရမည်ကိုမသိလျှင် သင့်အလုပ်ရှင်ကိုမေးပါ။

လုပ်ဆောင်ရန်

- သင့်အလုပ်ရှင် အိမ်တွင်မရှိသည့်အခါ သို့မဟုတ် သင့်အလုပ်ရှင်ခွင့်ပြုချက်မရဘဲ လူစိမ်းများကိုတံခါးဖွင့်မပေးပါနှင့်။
- ခဏလေးပင်ဖြစ်စေကာမူ အပြင်တံခါးကိုသော့မခတ်ပဲ မထားခဲ့ပါနှင့်။
- အိမ်သော့များကိုအိမ်ပြင်ဘက်မှတစ်ယောက်ယောက်က လှမ်းယူနိုင်သည့်နေရာ (ဥပမာ ပန်းအိုး၊ခြေသုတ်ဖုံ စသည်ဖြင့်) တွင်မထားပါနှင့်။

ဒင်ဂီရောဂါ သွေးလွန်တုပ်ကွေး ကာကွယ်ခြင်း

ဒင်ဂီရောဂါသည် အေးဒီစ် ခြင်မှကူးစက်သော သေစေနိုင်သည့်ရောဂါတစ်မျိုးဖြစ်သည်။ သင်နှင့်သင့်အလုပ်ရှင်မိသားစု ကိုဒင်ဂီရောဂါမှကာကွယ်နိုင်ရန်ရေသေရေပုတ်များကိုဖယ်ရှားပါ။ အောက်ပါတို့ကို သင်မှတ်သားထားပါ။

- ပန်းအိုးများမှရေကိုတစ်ရက်ခြားလဲပါ။
- ပန်းအိုးအောက်ခံပြားများမှရေကိုတစ်ရက်ခြား သွန်ပစ်ပါ။
- ရေတင်နိုင်သောခွက်များကိုမှောက်ထားပါ။
- ဝါးတိုင်အခံများကိုမသုံးပါကအုပ်ထားပါ။
- သင့်အလုပ်ရှင်အားပိတ်ဆို့ပိုက်များရှင်းလင်းရန်နှင့် လစဉ် ရေတံလျှောက်များ၌ ပိုးသတ်ဆေးထဲ့ရန်သတိပေးပါ။

သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ခြင်း

- စိုစွတ်နေသောကြမ်းပြင်ကို ချော် လဲမှုများနှင့် လိမ့်ကျခြင်းများမှကာကွယ်ရန် ၄င်းကို ချက်ခြင်းခြောက်သွေ့အောင်လုပ်ပါ။
- လဲကျခြင်းမှကာကွယ်ရန်ရေချိုးခန်းတွင်မချောနိုင်သည့်ခြေသုတ်ကိုသုံးပါ။
- လှေကားအတက်အဆင်းတွင်အကူအညီလိုပါကသက်ကြီးရွယ်အိုများအားကူညီပါ။
- လျှပ်စစ်ဝါယာကြိုးများ၊ ကလေးကစားစရာများ၊ သို့မဟုတ် သတင်းစာများအား ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲမထားပါနှင့်။
- အစာနင်ခြင်းမှကာကွယ်ရန် ၄င်းတို့၏အစာများကို အတုံးသေးသေးတုံးပါ။

ကလေးများအား ပြုစုစောင့်ရှောက်ခြင်း

အိမ်တွင်

- ကလေးများပြတင်းပေါက်နားမှပြုတ်ကျခြင်းမှကာကွယ်ရန်ပရိဘောဂများကို ပြတင်းပေါက်များနှင့်ဝေးရာတွင်ထားပြီးသံပန်းများကိုအမြဲသော့ခတ်ထားပါ။
- ပလပ်စတိတ်အိတ်များသည်အသက်ရှူကြပ်ခြင်းကိုဖြစ်စေသဖြင့်ကလေးများနှင့်ဝေးရာတွင်ထားပါ။
- ကလေးငယ်များသည် လက်ကိုင်များကိုဆွဲချိပြီး ရေနွေးပူလောင်ခြင်းမှကာကွယ်ရန်အိုးများနှင့် ဒယ်အိုးလက်ကိုင်များကို အတွင်းဘက်သို့လှည့်ထားပါ။

နေ့စဉ်အပြုအမူများ

- ကလေးငယ်များအားအစာမကျွေးမီ နို့နှင့်အစားအစာအပူချိန်ကိုအမြဲစမ်းကြည့်ပါ။
- နို့စို့ကလေးများနှင့် ကလေးငယ်များအားရေမချိုးမီ ရေအပူချိန်ကိုအမြဲစမ်းကြည့်ပါ။
- အစာနင်ခြင်းမှကာကွယ်ရန် ကလေးငယ်များအား အစာမကျွေးမီ ၄င်းတို့၏အစာများကို အတုံးသေးသေးတုံးပါ။
- ကလေးငယ်၏ဆေးစာရင်းနှင့်ပမာဏကိုရေးမှတ်ထားပါ။ ဆေးစာရင်းများမှတ်မိလွယ်ရန် သင်အထူးဆေးဗူးများကိုသုံးနိုင်ပါသည်။

အများဆိုင်နေရာများတွင်

- သင်လမ်းဖြတ်ကူးသောအခါ သို့မဟုတ် လမ်းဘေးတွင်ရပ်နေသောအခါ ကလေးများ၏လက်ကို အမြဲတမ်းမြဲမြံကိုင်ထားပါ။
- လမ်းဆုံသို့မဟုတ်လူကူးမျဉ်းကြားများတွင် မဖြတ်ကူးမီ ကားများရပ်သည်အထိစောင့်ပါ။ အစိမ်းရောင်လူရုပ်ပုံ မှိတ်တုတ်မှိတ်တုတ် စဖြစ်ပြီဆိုပါက လမ်းမကူးပါနှင့်။ အထူးသဖြင့်ကလေးတစ်ဦးလက်ဆွဲထားပါက သင်လမ်းကူးရန် အချိန်မှီနိုင်မည်မဟုတ်ပါ။
- ကလေးငယ်များအား မည်သည့်အချိန်မဆို တစ်ယောက်တည်းမထားပါနှင့်။

မိမိကိုယ်ကိုကျန်းမာအောင်နေထိုင်ခြင်း

- အဟာရမျှတအောင်စားပါ။
- အိပ်ရေးဝအောင်အိပ်ပါ။
- သင်မောပန်းသောအခါ ခဏနားပါ။
- အလုပ်ကြိုးစားပြီး အကောင်းမြင်သဘောထားရှိပါ။
- သင့်အလုပ်ပြီးသောအခါ သင့်မိသားစုထံသို့ စာရေးခြင်း သို့မဟုတ် သီချင်းနားထောင်ခြင်းတို့ကဲ့သို့ သင့်အား ဝမ်းသာစေမည့်အရာများကို လုပ်ဆောင်ပါ။
- ဆေးလိပ်မသောက်ပါနှင့် သို့မဟုတ် မူးယစ်ဆေးဝါးမသုံးပါနှင့်။
- သင်နေမကောင်းလျှင် သင့်အလုပ်ရှင်ကိုချက်ခြင်းပြောပြပါ။

တစ်ကိုယ်ရေသန့်ရှင်းရေး ကောင်းမွန်ရန်ထိန်းသိမ်းခြင်း

- တစ်နေ့လျှင်အနည်းဆုံးရေတစ်ကြိမ်ချိုးပြီး နေ့စဉ်ခေါင်းလျှော်ပါ။
- နေ့တိုင်း သင့်အဝတ်အစားများကို လဲဝတ်ပါ။
- ခေါင်းဘီးနှင့် သွားတိုက်တံများကို မျှဝေမသုံးပါနှင့်။
- သွားများကို တစ်နေ့လျှင် အနည်းဆုံးနှစ်ကြိမ် (နံနက်နှင့် အိပ်ယာမဝင်မီ) သွားတိုက်ဆေးခြင်း တိုက်ပါ။
- အိမ်သာသွားပြီးတိုင်း သင့်လက်များကို ဆပ်ပြာနှင့်ရေဖြင့်ဆေးကြောပါ။
- အစားအစာများကိုမပြင်ဆင်မှီ သို့မဟုတ် မစားသောက်မှီ သင့်လက်များကိုဆေးကြောပါ။
- သင့်လက်သည်းများကို တိုတိုနှင့် သန့်ရှင်းအောင်ထားပါ။
- ဆံပင်တိုထားခြင်းသည် ဤရာသီဥတုတွင် ပို၍ သက်တောင့်သက်သာရှိပြီး သန့်ရှင်းစေသည်။ သင့်ဆံပင်ရှည်ပါက ချည်နှောင်ထားပါ။

စိတ်ဖိစီးမှုလက္ခဏာများမဖြစ်ရန်

ကွဲပြားခြားနားသော ပတ်ဝန်းကျင်တွင်အလုပ်လုပ်ခြင်းနှင့် အိမ်နှင့်ဝေးကွာနေခြင်းသည် စိတ်ဖိစီးမှုများဖြစ်ပေါ်စေတတ်သည်။ စောင့်ကြည့်ရမည့် အတွေ့ရများသော လက္ခဏာများမှာ

- **ရုပ်ပိုင်းဆိုင်ရာလက္ခဏာများ**
  (ခေါင်းကိုက်ခြင်း၊ ဝိုက်နာခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အစာမစားခြင်းဖြစ်ခြင်း စသည်ဖြင့်)
- **ခံစားမှုဆိုင်ရာလက္ခဏာများ**
  (စိုးရိမ်စိတ်၊ စိတ်ဝိုင်းခြင်း၊ ဝမ်းနည်းခြင်း၊ ကြောက်ခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်း)

- **စိတ်ပိုင်းဆိုင်ရာလက္ခဏာများ**
  (အာရုံစူးစိုက်မှုနည်းခြင်း၊ မေ့တတ်ခြင်း၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိခြင်း)
- **အမူအယာပိုင်းဆိုင်ရာလက္ခဏာများ**
  (ကာကွယ်သော၊ တဖွတ်ထိုးဖြစ်သော၊ စိုးရိမ်အမူအကျင့်များ ဥပမာ လက်သည်းများကိုက်ခြင်း၊ အလွယ်တကူအာရုံလွှဲနိုင်ခြင်း၊ လူမှုရေးအလုပ်များကို ရှောင်ကြဉ်ခြင်း စသည်ဖြင့်)

စိတ်ဖိစီးမှုအတွက်သင့်လုပ်ဆောင်နိုင်သည်မှာ

- သင့်အလုပ်ရှင် သို့မဟုတ် သူငယ်ချင်းကို သင့်တွင်ပြဿနာရှိသည်၊ အိမ်သတိရသည် သို့မဟုတ် ဝမ်းနည်းသည် ပြောပါ။
- နေ့စဉ်မှတ်တမ်းရေးပါ။ ဤသို့ ရေးသားခြင်းသည် စိတ်ဖိစီးမှုဖြစ်ရခြင်း၏ အကြောင်းရင်းများကို ဖော်ထုတ်ပြီး သင့်ခံစားချက်များကို ပိုမိုကောင်းမွန်စွာဖော်ပြရန် အထောက်အကူပြုသည်။
- အိမ်ကိုစာရေးပါ သို့မဟုတ် ဖုန်းဆက်ပါ။ အိမ်မှ မည်သည့်ဖုန်းကိုခေါ်သည်ဖြစ်စေ သင့်အလုပ်ရှင်မှ ခွင့်ပြုချက်တောင်းပါ။
- သင့် အားလပ်ချိန်ကို သင်၏နေ့စဉ်တာဝန်များမှ ပုံမှန်စိတ်ပိုင်းဆိုင်ရာနှင့် ခံစားမှုပိုင်းဆိုင်ရာ အနားယူချိန်အဖြစ် သုံးပါ။
- သင့် အားလပ်ချိန်တွင် သီချင်းနားထောင်ခြင်း၊ စာဖတ်ခြင်း သို့မဟုတ် စိတ်ဖြေလျော့ခြင်း စသည့် သင်နှစ်သက်ရာများ လုပ်ပါ။
- လုံလုံလောက်လောက်စားပါ၊ အိပ်ပါ။

လိုင်စင်မရှိသောငွေချေးစားသူ (UML) ကိုသတိထားပါ။

ရှေ့ပြောင်းအိမ်အကူအလုပ်သမားများသည်လိုင်စင်မဲ့ငွေချေးစားသူများထံမှ ပိုက်ဆံချေးကြသည် မတန်တဆအတိုးနှုန်းဖြင့် လိုင်စင်မဲ့ငွေချေးစားသူများအား သူငယ်ချင်း SMS Facebook သို့မဟုတ်အခြားလူမှုကွန်ယက်များမှတဆင့်သိလာကြသည် အောက်ပါတို့ကိုမှတ်သားထားရမည်

- ချေးငွေရယူရန်ပြောနေသည့် မက်ဆေ့ချ်များ ကြော်ငြာများကို အကြောင်းမပြန်ပါနှင့်။
- လိုင်စင်ရငွေချေးစားသူများက SMS Facebook၊ သို့မဟုတ် အခြားလူမှုကွန်ယက်များမှတဆင့် ချေးငွေများကမ်းလှမ်းခြင်းမပြုနိုင်ပါ။
- သူစိမ်းများ(မတန်တဆ အတိုးနှုန်းဖြင့် ငွေချေးစားသူများဖြစ်နိုင်သည့်) ထံမှ ပိုက်ဆံမချေးပါနှင့်။ မတန်တဆ အတိုးနှုန်းဖြင့်ငွေချေးစားသူထံမှအတိုးနှုန်းမှာ အလွန်မြင့်ပြီး ၎င်းတို့ကသင်နှင့် သင့်အလုပ်ရှင်ကို နှောက်ယှက်ပါမည်။
- မတန်တဆ အတိုးနှုန်းဖြင့်ငွေချေးစားသူများ၏လုပ်ဆောင်ချက်များတွင် ဝင်မပါပါနှင့်။
- မတန်တဆ အတိုးနှုန်းဖြင့်ငွေချေးသူများထံမှ ငွေချေးရန် သူငယ်ချင်းကို မတိုက်တွန်းပါနှင့်။
- မတန်တဆ အတိုးနှုန်းဖြင့်ငွေချေးသူများထံမှ ငွေချေးနေကြောင်း သို့မဟုတ် ၎င်းတို့ကို တနည်းနည်းဖြင့် ကူညီနေကြောင်း သိရှိရပါက စင်ကာပူတွင် သင်၏အလုပ်လုပ်ကိုင်ခွင့်အပေါ်ထိခိုက်မှုရှိ လာပါမည်။
- မိခင်နိုင်ငံသို့ပြန်ပို့ခံရပြီး ဤနိုင်ငံတွင်အလုပ်လုပ်ခွင့်မရနိုင်တော့ပါ။
- မတန်တဆ အတိုးနှုန်းဖြင့်ငွေချေးသူများ သင့်ထံချဉ်းကပ်လာပါက 999 သို့မဟုတ် 1800-9-24-5664 ဖြင့် ရဲဌာနသို့ ဖုန်းဆက်တိုင်ကြားပါ။

သင်၏ ၂–နှစ် သဘောတူစာချုပ် မကုန်ဆုံးမီ သင့်အလုပ်အကိုင်ကို သင် အဆုံးသတ်လိုသောအခါ သင်သည် သင့်အလုပ်ရှင်ကို ကြိုတင် အကြောင်းကြားရန် ၎င်းကို စကားပြောဆိုရမည်။ သင်ပေးရန် လိုအပ်သည့် အတိအကျဖြစ်သော ကြိုတင်အကြောင်းကြားရမည့်ကာလအတွက် သင်၏ အလုပ်အကိုင် အဆက်အသွယ်ကို သင် ရည်ညွှန်းကိုးကားလိုက ကိုးကားနိုင်ပါသည်။ မည်သည့် ကြိုတင်အကြောင်းကြားခြင်းကိုမှ မပြုဘဲ ဤအလုပ်အကိုင်ကို သင် အဆုံးသတ်ပါက အကြောင်းကြားရမည့်ကာလအတွက် လစာနှင့် ညီမျှသည့် ငွေပမာဏကို သင့်အနေဖြင့် သင့်အလုပ်ရှင်အား ပေးချေရန် လိုအပ်နိုင်သည်။

ဥပမာ သင်၏ သဘောတူစာချုပ်က ကြိုတင်အကြောင်းကြားရမည့်ကာလသည် ၇ ရက်ဖြစ်သည်ဟု ဆိုထားပြီး ဇန်နဝါရီလ ၈ ရက်နေ့တွင် သင့်အလုပ်အကိုင်ကို သင် အဆုံးသတ်လိုပါက သင့်အလုပ်ရှင်အား သင့်ရည်ရွယ်ချက်ကို ဇန်နဝါရီလ ၁ ရက်နေ့ နောက်ဆုံးထား၍ ပြောရမည်။ အကယ်၍ သင်သည် ထိုအလုပ်အကိုင်ကို ဇန်နဝါရီလ ၄ ရက်နေ့တွင် အဆုံးသတ်ပါက (ဥပမာ အလုပ်ခွင်မှ ထွက်ခွာသွားခြင်း) သင်သည် သင့်အလုပ်ရှင်အား ၃ ရက်သာ ကြိုတင်အကြောင်းကြားခြင်းကြောင့် သင်သည် ၎င်းအား ၄ ရက်စာ လစာကို ပေးချေရန် လိုအပ်နိုင်သည်။

သင်အိမ်ပြန်တော့မည်ဆိုပါက သင့်အလုပ်ရှင်သည်

- သင့်အား သင့် ဌာနေတိုင်းပြည် အတွင်းရှိ သင့်မြို့ သို့မဟုတ် မူလနေရာသို့ သင့်တင့်လျောက်ပတ်သော ပေါက်ရောက်နိုင်မှုရှိသည့် နိုင်ငံတကာ အဝင် ဆိပ်သို့ သင့်အား ပို့ဆောင်ရန် လိုအပ်သည်။
- သင့်အိမ်အပြန် လေယာဉ်လက်မှတ်အပါအဝင် သင့်အား အိမ်ပြန်ပို့သည့် ကုန်ကျစရိတ် အပြည့်အဝကို ကျခံရမည်။ သင့်အလုပ်ရှင်သည် လေယာဉ်လက်မှတ်ကုန်ကျစရိတ်ကို မည်သည့်အခါမျှ သင့်လစာထဲမှ မနုတ်ယူသင့်ပေ။

မရသေးသောလစာငွေများ

သင်စက်ဘူမှမထွက်ခွါမီ သင့်အလုပ်ရှင်မှသင်ရစရာရှိသော လစာငွေများအားလုံး ရရှိပြီးဖြစ်အောင် လုပ်ပါ။

အကယ်၍သင်ကိုအိမ်ပြန်မပို့မီသင့်အလုပ်ရှင်ကသင့်ကိုပေးစရာရှိပါက ကျန်ရှိသောလစာငွေကို တောင်းဆိုပါ။

အကယ်၍ သင်သည် လေဆိပ် သို့မဟုတ် အခြားစိစစ်ရေးနေရာများတွင်ရောက်ရှိနေပြီး အိမ်ပြန်ရန် အဆင်သင့်ဖြစ်နေပြီး သင်အလုပ်ရှင်က သင့်လစာငွေမပေးသေးပါက သင်သည်



သင်၏အေဂျင်စီဝန်ဆောင်ခပြန်အမ်းခြင်း

အကယ်၍ သင့်အလုပ်အကိုင် စတင်သည်မှ ခြောက်လအတွင်း သင့်အလုပ်အကိုင်ကို အဆုံးသတ်ပါက သင်၏ အလုပ်အကိုင် အေဂျင်စီ (EA) သည် စက်ဘူနိုင်ငံရှိ EA သို့ သင်ပေးခဲ့သည့် အခကြေးငွေများ၏ ၅၀% ကို ပြန်အမ်းရန် လိုအပ်လိမ့်မည်ဖြစ်သည်။

ဥပမာ
သင်က ဒေါ်လာ၈၀၀ ကို စက်ဘူအလုပ်ရှာဖွေရေးအေဂျင်စီတစ်ခုကိုဝန်ဆောင်ခအဖြစ်ပေးခဲ့ပြီး ၂ လအကြာတွင် သင်အလုပ်ရှင်က သင့်ကိုအလုပ်မှ ထုတ်လိုက်ပါက သင်သည် သင်၏အေဂျင်စီ ဝန်ဆောင်ခပြန်အမ်းငွေ ဒေါ်လာ ၄၀၀ ကို ၇ ရက်အတွင်း ရရှိရမည်။

သို့သော် သင်ကအလုပ်ထွက်ခြင်းဖြစ်ပါက ဤဝန်ဆောင်ခပြန်အမ်းခြင်းသည် အကျုံးမဝင်ပါ။

သင်သည် စက်ဘူလူမျိုးများနှင့် နိုင်ငံခြားသားများအတွက်ပါ သက်ဆိုင်သည့် စက်ဘူနိုင်ငံ၏ဥပဒေများကို လိုက်နာရ မည်။ သင်သည် ဥပဒေကိုချိုးဖေါက်ပါက အရေးယူခံရမည်ဖြစ်ပြီး စက်ဘူနိုင်ငံတွင် အလုပ်ရနိုင်မည် မဟုတ်ပါ။

စက်ဘူနိုင်ငံ၏ဥပဒေကိုချိုးဖေါက်ခြင်းအတွက် ပြစ်ဒဏ်များကို အောက်တွင် ဖေါ်ပြထားပါသည်။

ပြစ်မှု	ပြစ်ဒဏ်များ
တရားမဝင်အလုပ်နေရာချထားခြင်း (သင်၏ အလုပ်လုပ်ခွင့် ပါမစ်တွင် ဖော်ပြထားသော အလုပ်ရှင်မဟုတ်ဘဲ အခြားမည်သူ့အတွက်မဆို အလုပ်လုပ်ခြင်း)	ဒဏ်ငွေ ဒေါ်လာ ၁၀၀၀၀ အထိ သို့မဟုတ် အများဆုံးထောင်ဒဏ် ၁၂ လ သို့မဟုတ် ပူးတွဲ
တရားမဝင်အလုပ်လုပ်ခြင်း (သင်၏ အလုပ်လုပ်ခွင့် ကတ်ပြားတွင် ဖော်ပြထားသော အလုပ် မဟုတ်ဘဲ နောက်အလုပ်တစ်ခုတွင် အလုပ်လုပ်ခြင်း)	ဒဏ်ငွေ ဒေါ်လာ ၂၀၀၀၀ အထိ သို့မဟုတ် အများဆုံးထောင်ဒဏ် ၂၄ လ သို့မဟုတ် ပူးတွဲ
မြူဆွယ်ခြင်း (ပြည့်တန်ဆာလုပ်ခြင်း)	ဒဏ်ငွေ ဒေါ်လာ ၁၀၀၀ အထိ ထပ်မံပြစ်မှု ကျူးလွန်ပါက ဒဏ်ငွေ ဒေါ်လာ ၂၀၀၀ အထိ သို့မဟုတ် အများဆုံးထောင်ဒဏ် ၆ လ သို့မဟုတ် ပူးတွဲ
ခိုးမှု (ခိုးယူခြင်း သို့မဟုတ် ဆိုင်မှအလစ်သုတ် ခြင်း)	ဒဏ်ငွေ သို့မဟုတ် အနည်းဆုံးထောင်ဒဏ် ၃ နှစ်နှင့် အများဆုံးထောင်ဒဏ် ၇ နှစ် သို့မဟုတ် ပူးတွဲ
အမှိုက်ပြစ်ခြင်း	ဒဏ်ငွေ ဒေါ်လာ ၁၀၀၀ အထိ
စည်းကမ်းမဲ့လမ်းဖြတ်ကူးခြင်း	ဒဏ်ငွေ ဒေါ်လာ ၁၀၀၀ အထိ သို့မဟုတ် အများဆုံးထောင်ဒဏ် ၃ လ
ရဲသို့လိမ်လည်သတင်းပို့ခြင်း	ဒဏ်ငွေ ဒေါ်လာ ၁၀၀၀ အထိ သို့မဟုတ် အများဆုံးထောင်ဒဏ် ၆ လ

မူးယစ်ဆေးဝါးရောင်းဝယ်မှု	သေဒဏ်သို့မဟုတ်အနည်းဆုံးထောင်ဒဏ် ၂၀ နှစ်နှင့် အများဆုံး ၃၀ နှစ် အထိနှင့် အနည်းဆုံး ကြေမ်ဒဏ် ၁၅ ချက်
အိမ်ဖေါက်ထွင်းမှု	ဒဏ်ငွေ သို့မဟုတ် အများဆုံးထောင်ဒဏ် ၁၀ နှစ် သို့မဟုတ် ပူးတွဲ အိမ်ဖေါက်ထွင်းမှုကိုညအချိန်တွင်ကျူးလွန်လျှင် ဒဏ်ငွေ သို့မဟုတ် အများဆုံးထောင်ဒဏ် ၁၄ နှစ် သို့မဟုတ် ပူးတွဲ
လူသတ်မှု	သေဒဏ်
ဓားပြတိုက်မှု လုယက်မှု	အနည်းဆုံးထောင်ဒဏ် ၂ နှစ်နှင့် အများဆုံး ၁၀ နှစ် အထိနှင့် အနည်းဆုံး ကြေမ်ဒဏ် ၆ ချက် ဓားပြတိုက်မှုကိုညအချိန်တွင်ကျူးလွန်လျှင် အနည်းဆုံးထောင်ဒဏ် ၃ နှစ်နှင့် အများဆုံး ၁၄ နှစ် အထိနှင့် အနည်းဆုံး ကြေမ်ဒဏ် ၁၂ ချက်
ရည်ရွယ်ချက်ရှိရှိနှာကျင်စေသော	ဒဏ်ငွေ $၅၀၀၀/- သို့မဟုတ်ထောင်ဒဏ် ၃နှစ်အထိ
	အပြင်းအထန်ထိခိုက်နာကျင်စေလျှင် အများဆုံးထောင်ဒဏ် ၁၀ နှစ် နှင့် ဒဏ်ငွေ သို့မဟုတ် ကြေမ်ဒဏ်

အရေးကြီးသောတယ်လီဖုန်းနံပါတ်များ

အရေးကြီးသောတယ်လီဖုန်းနံပတ်များ

သင်အကူအညီလိုအပ်လျှင်အောက်ပါဖုန်းနံပတ်များကိုခေါ်ပါ။

အရေးပေါ်အခြေအနေတွင်

ရဲ	999
မီးသတ် – လူနာတင်ယာဉ်	995
စင်္ကာပူမြို့ပြကာကွယ်ရေးတပ်	995

အလုပ်သမားဝန်ကြီးဌာန

ရွှေ့ပြောင်းအိမ်အကူအလုပ်သမားတို့အတွက်အလုပ်အကိုင် လစာနှင့်ကောင်းကျိုးချမ်းသာနှင့်ပတ်သက်သောကိစ္စများအတွက်	1800 339 5505

အိုးရမဟုတ်သောအဖွဲ့အစည်း

Centre for Domestic Employees (CDE) www.facebook.com/cde.singapore www.cde.org.sg • Providing counselling and advisory services on employment matters for foreign domestic workers	1800 225 5233 (24 နာရီ အကူအညီပေးရေးလိုင်း)
လှုပ်ရှားရေးကူညီမှုနှင့်လေ့ကျင့်ပေးရေးဆိုင်ရာ နိုင်ငံခြားသားအိမ်မှုကိစ္စလုပ်ကိုင်သူများအသင်း (FAST) • အလုပ်အကိုင်ရှာဖွေပေးရေး သို့မဟုတ် ကိုယ်ရေးကိုယ်တာပြဿနာများအကြံပေးခြင်းစသည်ဖြင့်	1800 339 4357 (24 နာရီ အကူအညီပေးရေးလိုင်း)

ရွှေ့ပြောင်းအိမ်အကူအလုပ်သမားများအကူအညီပေးရေးဖုန်းလိုင်းတွင်အသံသွင်းထားသောသူနှင့်စကားပြောနည်း (1800 339 5505)

1. ဖုန်းခေါ်လိုက်သည်နှင့်ဤစကားကိုသင်ကြားရပါလိမ့်မည်။ "Thank you for calling the Foreign Domestic Worker Helpline. Our operating hours are from 0830 to 1730, Mondays to Fridays."
   (**ရွှေ့ပြောင်းအိမ်အကူအလုပ်သမားများ** အတွက် အကူအညီပေးရေးတယ်လီဖုန်းလိုင်းကိုခေါ်တဲ့အတွက်ကျေးဇူးတင်ပါတယ်၊ တနလာမှ သောကြာ – နံနက် 8:30 နာရီ မှ ည 5:30 နာရီ အထိဖွင့်ထားပါတယ်)
   (ဤစကားကို အင်္ဂလိပ် နှင့်ဘဟာဆာအင်ဒိုနီးရှားနှစ်ခုလုံးဖြင့်အသံသွင်းထားသည်)
   အင်္ဂလိပ်စကားအတွက် 1 ကိုနှိပ်ပါ။ဘဟာဆာအင်ဒိုနီးရှားစကားအတွက် 2 ကိုနှိပ်ပါ။
2. ဘာသာစကားအတွက် သင် ၁ သို့မဟုတ် ၂ ကိုရွေးရန်လိုအပ်သည်။
3. ထိုနောက်ဤစကားကိုသင်ကြားရပါလိမ့်မည်။ "If you need our officer to call you back, please leave your contact number and name after the beep." (သင့်အားအရာရှိမှပြန်ခေါ်စေလိုလျှင် သင်၏ဆက်သွယ်ရန်ဖုန်းနံပတ်နှင့် အမည်ကို အချက်ပေးသံမည်ပြီးနောက်ကျေးဇူးပြု၍ပြောပြထားခဲ့ပါ။)
4. အသံဖြင့်စကားထားပြီးနောက်အောက်ပါအသံကိုကြားရပါမည်။
   သင်စကားကိုနားထောင်ရန်အတွက် 1 ကိုနှိပ်ပါ။ အသံထပ်သွင်းရန်အတွက် 2 ကိုနှိပ်ပါ။ ပြီးဆုံးပါက 3 ကိုနှိပ်ပါ။

သံရုံးများနှင့်ကော်မင်ရှင်နာမင်းကြီးရုံးများ

ဘင်္ဂလားဒေ့ရှ် www.bangladesh.org.sg/	62530790
Cambodia	63419785
အိန္ဒိယ http://hcisingapore.gov.in/	67376777
အင်ဒိုနီးရှား http://www.kemlu.go.id/singapore/	67377422/92953964
မြန်မာ http://www.mesingapore.org.sg/index.html	67351672
ဖိလစ်ပိုင် http://www.philippine-embassy.org.sg/	67373977
သီရိလင်္ကာ http://www.lanka.com.sg/	62544595
ထိုင်း http://www.thaiembassy.sg/	67372475

အခြားအသုံးဝင်သောတယ်လီဖုန်းနံပါတ်များ

မိသားစုဝန်ဆောင်မှုဌာန (FSC)	1800 2550000
ဒုက္ခရောက်နေသူများကိုကူညီသောအဖွဲ့ စင်္ကာပူ (SOS)	1800 2214444
ရွှေ့ပြောင်းနေထိုင်သူများနှင့်လာရောက်အလုပ်လုပ်သူများအားကူညီစောင့်ရှောက်ရေး အတွက်ခရစ်ယန်ဘုန်းတော်ကြီးများကောင်မရှင် (ACMI)- 24 နာရီအကူအညီပေးရေးလိုင်း	68017400
အလုပ်အကိုင်ရှာဖွေပေးအေဂျင်စီများအသင်း (စင်္ကာပူ)	68362618

သင်တန်းပေးသူများ

1 FAST – လူမှုရေးအကူအညီနှင့်သင်တန်းပေးနိုင်ငံခြားသားအိမ်မှုကိစ္စလုပ်ကိုင်သူအသင်း
www.fast.org.sg
စောင့်ရှောက်ပေးခြင်း၊အချက်အပြုတ်။ အင်္ဂလိပ်စာ၊လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရေး

2 ACMI – ရွှေ့ပြောင်းနေထိုင်သူများနှင့်လာရောက် အလုပ်လုပ်သူများအား ကူညီစောင့်ရှောက်ရေးအတွက် ခရစ်ယန်ဘုန်းတော်ကြီးများကော်မရှင်
www.acmi.org.sg
စောင့်ရှောက်ပေးခြင်း၊ ကွန်ပျူတာကျွမ်းကျင်ရေး၊ဆံပင်အလှပြင်။

3 aidha – ကမ္ဘာ့အငယ်စားစီးပွားရေးလုပ်ငန်းကျောင်း
www.aidha.org
ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးကျွမ်းကျင်မှု ဥပမာ ဝင်ငွေထွက်ငွေနှင့်စုငွေ၊ အခြေခံနှင့်အဆင့်မြင့် ကွန်ပျူတာကျွမ်းကျင်ရေး၊ ကိုယ်ပိုင်လုပ်ငန်းတည်ထောင်ခြင်းနှင့်စီမံခန့်ခွဲရေးကျွမ်းကျင်မှု။

4 Novena Filipino Community နိုဗီနာ ဖိလစ်ပီနို လူမျိုးစု ၊ အမျိုးသမီးအားလုံးအတွက်ခေတ်သစ်
dawnsingapore.wordpress.com
စောင့်ရှောက်ပေးခြင်း၊အချက်အပြုတ် နှင့် မုန့်.ဖုတ်နည်း၊ ကွန်ပျူတာကျွမ်းကျင်ရေး၊

5 GoForth သင်တန်းများ
www.goforthsg.com
သူနာပြုအကူ။ ကွန်ပျူတာတတ်ခြင်း။

6 Sunlove
www.sunlovehome.org.sg
သို့ခေါ်ပါ။ မစွမ်းမသန်ဖြစ်နေသော သို့မဟုတ် သတိမေ့ရောဂါဖြစ်နေသော သက်ကြီးရွယ်အိုအခြေခံကျန်းမာရေး(အိမ်မှုကိစ္စ) စောင့်ရှောက်မှု။

7 Mujahidah မုဂျာဟိဒါ သင်ကြားရေးဌာန
mujahidah.mujahidinmosque.sg
အပ်ချုပ်၊ အချက်အပြုတ်နှင့် မုန့်.ဖုတ်နည်း၊ ကွန်ပျူတာကျွမ်းကျင်ရေး၊ ဘာသာရေး။

8 ဖိလစ်ပီနို ပြည်ပအလုပ်သမားများ (FOWs) @ Bayanihan
www.bayanihancentre.org
သူနာပြုအကူ။ ကွန်ပျူတာတတ်ခြင်း။

9 ဖိလစ်ပီနို ဆက်လက်တိုးတက်ရေး ပရိုဂရမ် (FILODEP)
49A Holland Road သို့မဟုတ် 6280 0451 သို့ခေါ်ပါ။
အချက်အပြုတ် နှင့် မုန့်.ဖုတ်နည်း၊အပ်ချုပ်၊ကွန်ပျူတာတတ်ခြင်း။ ဂီတာ။

10 Sekolah Indonesia
sekolahindonesia.org.sg/
အင်္ဂလိပ်စာ၊ ကွန်ပျူတာတတ်ခြင်း၊ အပ်ချုပ်၊ ဆံပင်အလှပြင်။ အလယ်တန်း၊ အထက်တန်းကျောင်းနှင့် အဝေးသင်တက္ကသိုလ်သင်တန်းများ။ အင်ဒိုနီးရှားအမျိုးသားစာစစ်ကောင်စီမှ ပြဋ္ဌာန်းအသိအမှတ်ပြုသည်။

Safety Agreement Between Migrant Domestic Worker And Employer

EA Name

Instructions:
Employer to fill in Part A → MDW to fill in Part C → EA to explain, and to fill in PArt B & D

This agreement is made between (a) The Employer and (b) The Migrant Domestic Worker (MDW) and facilitated by (c) The Employment Agency (EA) to accord with the Ministry of Manpower's regulations on conditions for window cleaning.

[Refer to Annex A on excerpt from the Employment of Foreign Manpower (Work Passes) Regulations ("the Condition")]

Employers of MDWs shall not permit their MDWs to clean the window exterior except where two conditions are met:

a. ***Window grilles have been installed and are locked at all times during the cleaning process; and***
b. ***The employer or an adult representative of the employer is physically present to supervise the MDW.***

The rules will apply to all homes, except for windows that are at the ground level or along common corridors.

Part A – Employer		
Employer Name		
NRIC No. / FIN		
Contact No.		
Residential Address		
Residential Dwelling Type	☐ HDB Apartment ☐ Private Apartment/Condominium ☐ Landed Property	
Do I require my MDW to clean window exterior?		
	☐ Yes	☐ No
(i) Location of window exterior	☐ On the ground ☐ Facing common corridor ☐ Others If "Others" is selected, proceed to (ii)	
(ii) Grilles installed on windows required to be cleaned by MDW	☐ Yes ☐ No If "Yes" is selected, proceed to (iii)	
(iii) Adult supervision when cleaning window exterior	☐ Yes ☐ No	

Continuation of Part A – Employer	
☐ I have received the advisory letter and trainer's assessment checklist from the Settling-In-Programme (for employers of first-time MDWs)	
[The Employer is required to choose only **one** of the following options] ☐ I understand the Conditions and I will not require my MDW to clean the window exterior of my home. ☐ I understand the Conditions and I require my MDW to clean only the window exterior on the ground floor of my home. ☐ I understand the Conditions and I require my MDW to clean only the window exterior along the common corridor of my home. ☐ I require my MDW to clean the window exterior of my home, and I shall ensure that the grilles are locked when cleaning the window exterior and cleaned only when supervised by myself or my adult representative.	
Signature / Date	

Employer is to ensure that Part A is duly completed before the agreement is signed and dated. Do not pre-sign the agreement or sign on incomplete form.

Part B – Employment Agency	
Name	
Registration No.	
I have explained the Conditions to the Employer and advised the Employer that he *** can / cannot** require the MDW to clean the window exterior of his home based on the information presented in Part A [* to delete accordingly]	
Signature / Date	

Part C –Migrant Domestic Worker	
Name	
WP No.	
☐ I shall abide by my Employer's instructions to clean the window exterior safely in compliance with the Condition	
[The MDW is required to choose only one of the following options.] (၍ပြောင်းအိမ်အကူအလုပ်သမားသည်အောက်ပါ၌ချေး ချယ်ရောတို့အနက် တခုကိုသာချေးချယ်ရန်လိုအပ်ပါ သည်) As indicated by the Employer above: - အထက်ပါအလုပ်ရှင် ၏မေါ်ပြုချက်အရ ။- ☐ I understand that I am not required to clean the window exterior of my employer's home. ကျွန်မ အလုပ်ရှင်၏အိမ် ပြုတင်းပေါက်အပြင်ဘက်ကို သန့်ရှင်းရေးလုပ်ရန် မလိုအပ်ကြောင်းကို နားလည်ပါသည်။ ☐ I understand that I am required to clean only the window exterior on the ground floor of my employer's home. ကျွန်မအလုပ်ရှင်၏အိမ် မြေညီထပ်ရှိသော ပြုတင်းပေါက်အပြင်ဘက်ကိုသာ သန့်ရှင်းရေးလုပ်ရန်လိုအပ်ကြောင်းကို နားလည်ပါသည်။ ☐ I understand that I am required to clean only the window exterior along the common corridor of my employer's home. ကျွန်မအလုပ်ရှင်၏အိမ် စကြံဝတ်ရိပ်ရှိသော ပြုတင်းပေါက်အပြင်ဘက်ကိုသာ သန့်ရှင်းရေးလုပ်ရန်လိုအပ်ကြောင်းကို နားလည်ပါသည်။	

Continuation of Part C – Migrant Domestic Worker	
☐ I understand that I am required to clean the window exterior of my employer's home, and I shall ensure that I clean the window exterior only when the grilles are locked and only when supervised by my employer or his adult representative. ကျွန်မ အလုပ်ရှင်၏အိမ် ပြုတင်းပေါက်အပြင်ဘက်ကို သန့်ရှင်းရေးလုပ်ရန် လိုအပ်ကြောင်း နှင့် ပုတင်းပေါက်အပြင်ဘက်ကို သန့်ရှင်းရေးလုပ်ရာ၌ ပြုတင်းပေါက်တွင်မိခေတ်ဝါးခန်းကို သေခြာစွာသေတော့ကြို၊ အလုပ်ရှင် သို့မဟုတ် ၎င်း၏ကိုယ်စား လှယ်တစ်ယောက် ရှိမှသာ သန့်ရှင်းရေးလုပ်ရမည်ကို နားလည်ပါသည်။	
Signature / Date လက်မှတ် / ရက်စွဲ	

Part D – Employment Agency	
I have explained the Conditions to the MDW and advised the MDW that she *** can / cannot** clean the window exterior of the residential address based on the employer's declaration in Part A [* to delete accordingly]	
Signature / Date	

Annex A

Condition 2, Part I of the Fourth Schedule of the Employment of Foreign Manpower (Work Passes) Regulations

The employer shall provide safe working conditions and take such measures as are necessary to ensure the safety and health of the foreign employee at work. This includes: -

a) not permitting the foreign employee to clean the outward facing side of any window not located on the ground level or not facing a common corridor if the window is not fitted with a grille securing against any adult extending any part of the foreign employee's body beyond the window ledge except the arms; and

b) in the case of a window referred to in sub-paragraph (a) fitted with a grille of the description specified in that sub- paragraph, not permitting the foreign employee to clean the outward facing side of the window unless at all times during the cleaning process –
   i. the grille is locked or secured in a manner that prevents the grille from being opened;
   ii. the foreign employee remains inside the room;
   iii. no part of the foreign employee's body extends beyond the window ledge except the arms; and
   iv. the foreign employee is supervised by the employer, or an adult representative of the employer, who is reasonably capable of conducting such supervision and is aware of the requirements in sub-paragraphs (i), (ii) and (iii).

AGREEMENT BETWEEN MIGRANT DOMESTIC WORKER (MDW) AND EMPLOYER ON MDW WEEKLY REST DAY ARRANGEMENT

PARTIES INVOLVED	MDW	EMPLOYER
Name		
NRIC/Work Permit No.		

This agreement is made between (a) the MDW and (b) the Employer in accordance with the Ministry of Manpower's regulations on the provision of a weekly rest day for MDWs.

Terms of Agreement:

We, the MDW and the Employer, agree that the employer shall grant the MDW:

☐ **One rest day for every week. The rest day shall be granted on _____ (day of the week);**

OR

☐ **_____ rest days in a month on _____ (day of the week);**

with compensation in lieu at $ _____ for each rest day forgone.

_____ _____
MDW's Signature **Employer's Signature**
Date: **Date:**

[For any subsequent variations that are agreed between the employer and MDW, the following record should be maintained]

We, the MDW and the Employer, agree that the employer shall grant the MDW:

☐ **Rest day on _____ (date) in lieu of rest day forgone on _____ (date);**

OR

☐ **Compensation in lieu at $ _____ (minimum of 1 day's pay) for working on rest day on _____ (date)**

_____ _____
MDW's Signature **Employer's Signature**
Date: **Date:**

သင့်အနေဖြင့်လစာကိုစီမံခန့်ခွဲနိုင်ရန်
နှင့်သင့်ငွေကိုစုဆောင်းနိုင်စေရန်သင့်အ
လုပ်ရှင် ကပေးသည့်
လစာကိုချေးမှတ်ထားသင့်သည်။

လစာရသည့်နေ့စွဲ	လစာရသည့်လ	ရရှိငွေပမာဏ	စုငွေ ပမာဏ
စုစုပေါင်း			

သင့်အလုပ်ရှင်သည်သင့်လစာကိုသင့်အားလစဉ် 7 ရက်မြောက်သောနေ့တွင်ပေးရမည်။ သင့်အားလစာမပေးလျှင်
အလုပ်သမားဝန်ကြီးဌာန ဖုန်း 1800 339 5505 ကိုဖုန်းခေါ်နိုင်ပါသည်။

Ministry Of Manpower
Foreign Manpower Management Division
1500 Bendemeer Road, Singapore 339946

www.mom.gov.sg